ထရမ်ဟိမ်း ကွန်မြူးနယ်




# ကွန်မြူးနယ်ပိုင် တိုက်ခန်းများတွင်နေထိုင်ကြသူများ လိုက်နာရမည့် စည်းကမ်းများ

## ကွန်မြူးနယ်ပိုင် နေအိမ်များတွင် နေထိုင်ကြသူများအားလုံးသည် ပျော်ရွှင် ကောင်းမွန်သည့် နေထိုင်မှုဝန်းကျင် ဖြစ်စေရန် ကူညီဆောင်ရွက်ကြရမည်။ အိမ်ငှားတစ်ယောက် အနေဖြင့် သင့် ဧည့်သည်များနှင့် ပါတ်သက်လျင် သင်မှာ တာဝန်ရှိပါသည်။

၁။ ငြိမ်သက်လုံခြုံမှု ဆိုင်ရာ
(က) ည (၁၁)နာရီမှ နံက်(၇)နာရီ အတွင်း နေအိမ်အတွင်း အပြင်တို့တွင် ဆိတ်ငြိမ်ချိန်ဖြစ်သည်။ ထို့အပြင် ၂၄ နာရီပါတ်လုံး မိမိ၏ အိမ်နီးနားချင်းများအတွက် ဂရုပြုဆောင်ရွက်ရမည်။
(ခ) လမ်းမမှ အဝင် ပင်မတံခါးအပြင် မြေအောက်ခန်းနှင့် ထပ်ခိုးတို့ အတွက် တံခါးများသည် အမြဲ သော့ပိတ်ထားရမည်။

၂။ နေအိမ်
(က) အိမ်ငှားတစ်ယောက် အနေဖြင့် သင်သည် သင်၏ နေအိမ်ကို သန့်ရှင်းစွာ ပြုပြင်ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ နေအိမ်တွင် တစုံတရာ ထိခိုက်ပျက်စီးသည့်အခါ သို့မဟုတ် ပျက်စီးစေသည့် တိရိစ္ဆာန်များတွေ့သည့်အခါ ချက်ခြင်း အကြောင်းကြားရန် သင့်မှာ တာဝန်ရှိပါသည်။
(ခ) အိမ်သာခွက်ထဲသို့ အိမ်သာသုံးစက်ကူကိုသာ ပစ်ရပါမည်။ ရေဆင်းပေါက်များ ပွင့် နေစေရန် နှင့် အိမ်သာဆင်းပိုက်ပိတ်သည့်အခါ ပွင့်အောင် ဆောင်ရွက်ရန် သင် ကိုယ်တိုင်မှာသာ တာဝန်ရှိ ပါသည်။
(ဂ) မှိုကြောင့်ဖြစ်သည့် နေအိမ်ပျက်စီးမှုများကို တားဆီးနိုင်ရန်အတွက် လေဝင်လေထွက် အပေါက်များကို အမြဲ ဖွင့်ထားခြင်းနှင့် နေအိမ်တွင် ပုံမှန် အပြင်လေဖလှယ်ပေးရမည်။ ဤ အချက်သည် တနှစ်ပါတ်လုံးအတွက် အကျုံးဝင်ပါသည်။
အစားအသောက်များချက်ပြုတ်သည့် အခါ မီးဖို လေစုတ်ပန်ကာကို အမြဲဖွင့်ထားရမည်။
(ဃ) အိမ်အပြင်ဘက်တွင်တပ်ဆင်ရသည့် အန်တနာကို တပ်ခွင့်မပြုပါ။
(င) ပြူတင်းပေါက်နှင် ဝရန်ဒါမှ အခင်းနှင့်ကောဇာများ ဖုန်ခါချခြင်း မပြုရပါ။
(စ) မိမိနေအိမ်မှနေ၍ ငှက်များကို အစာ မကျွေးရပါ။
(ဆ) မီးလောင်သတိပေးစက်ရှိ ဓါတ်ခဲကို လဲပေးရန်နှင့် မီးသတ်ဆေးဘူးကို တနှစ် အနည်ဆုံး တကြိမ် အထက်အောက်လှည့် ၍ လှုပ်ပေးရန် သင့်တာဝန်ဖြစ်သည်။

၃။ အများနှင့်ဆိုင်သည့် နေရာများ
(က) မိမိ ပိုင်ဆိုင်သည့် ပစ္စည်းများကို အိမ်ခန်းအတွင်းနှင့် မိမိ၏ ဂိုထောင်ငယ်တွင်သာ ထားရှိရ မည်။ အများပိုင်နေရာတွင် ရှိနေသည့် ပစ္စည်းများကို တစုံတရာသတိပေးစရာမလိုပဲ အိမ်ရှင်က ရှင်းလင်းဖယ်ရှားနိုင်သည်။
(ခ) ကွန်မြူးနယ်ပိုင်နေရာများတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် ကားနှင့် အခြားယဉ်များ ထားရှိ ခြင်း မပြုရပါ။
(ဂ) အမှိုက်စွန့်ပစ်မှုအတွက် ထရန်ဟိမ်း ကွန်မြူးနယ်က သတ်မှတ်ထားသည့် အမှိုက်အမျိုး အစား ခွဲခြားသတ်မှတ်ထားသည့် အတိုင်းအမှိုက်စွန့်ပစ်ရန် အိမ်ငှားဖြစ်သူက တာဝန်ရှိပါသည်။ ကိုယ်ပိုင်ပစ္စည်းများနှင့် အမှိုက်များကို ကွန်မြူနယ် ကွန်တိန်နာများ အပြင်ဘက်တွင် မည့်သည့် အခါမျှ ပစ်မထားရပါ။ ကြီးမားသည့် ကိုယ်ပိုင်ပစ္စည်းများကို စွန့်ပစ်ပစ္စည်းများ လက်ခံသည့် ဌာနသို့ သင်ဖါသာ သယ်ယူ စွန့်ပစ်ရမည်။

၄။ တရိစ္ဆာန် ထားရှိမှု
(က) ခွေးနှင့် ကြောင်ကဲ့သို့သော တရိစ္ဆာန်နှစ်ကောင်ကို အခြေခံအားဖြင့် ခွင့်ပြုသည်။ ထိုတိရိစ္ဆာန်များသည် နေအိမ်ကို ပျက်စီးစေခြင်းနှင့် အိမ်နီးခြင်းများအတွက် အဆင်မပြေဖြစ်ခဲ့ ပါလျင် ထရွန်ဟိမ်းကွန်မြူးနယ်က အိမ်ပိုင်ရှင်အနေဖြင့် တရိစ္ဆာန်ဖယ်ရှားပေးရန် တောင်းဆို နိုင်သည်။

၅။ နေအိမ် စည်းကမ်းများ ဖေါက်ဖျက်ခြင်း
(က) နေအိမ်စည်းကမ်းများသည် အိမ်ငှားစာချုပ်တွင် တစိတ်တပိုင်းပါဝင်သည်။ ထိုစည်းကမ်းများ ဖေါက်ဖျက်ခြင်းသည် အိမ်ငှားစာချုပ် ဖေါက်ဖျက်သည်ဟု မှတ်ယူနိုင်ပြီး လျော်ကြေးပေးဆောင်ရန်၊ အငှားစာချုပ် ပျက်ပြယ်ခြင်း၊ သို့မဟုတ် မငှားနိုင်တော့ခြင်းဖြစ်စေနိုင်ပါသည်။

၆။ အိမ်နီးနားချင်းများအား တိုင်ကြားခြင်း
သင်၏ အိမ်နီးနားချင်း သည် နေအိမ်စည်းကမ်းဖေါက်ဖျက်ခြင်း သို့မဟုတ် မဖွယ်မရာပြုလုပ်ပါက ထရွန်ဟိမ်းကွန်မြူးနယ်သို့ စာရေးသား၍ တိုင်ကြားနိုင်သည်။ (နေအိမ်ဝန်းကျင်အား တိုင်ကြားခြင်း) ခေါ်သည့် အင်တာနက်တွင် အသင့်ရှိပြီး ဖေါင် ”Klage på bomiljø” သုံး၍ တိုင်ကြားနိုင်သည့် အပြင် bomiljo@trondheim.kommune.no သို့ အီးမေးလ် ပို့၍ဖြစ်စေ။ စာရေးသား ပေးပို့၍ဖြစ်စေ တိုင်ကြားနိုင်ပါသည်။